# CHINLAND DEFENSE FORCE
HEADQUARTERS

## သတိပေးထုတ်ပြန်ချက်

ကြေငြာချက်အမှတ် (၇/၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ခုနှစ်၊ ဇူလိုင်(၃) ရက်

၁။ စစ်အာဏာရှင်စနစ်နှင့် အကြမ်းဖက်စစ်ကောင်စီကို အမြစ်ပြတ်ချေမှုန်းပပျောက်ရန်၊ ဒီမိုကရေစီအခြေခံဖြစ်သော လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် တန်းတူရေး အာမခံချက်ရှိသော ဖက်ဒရယ်ဒီမိုကရေစီလမ်းကြောင်းဖြင့် ပြည်သူ့အစိုးရ ပေါ်ပေါက်နိုင်ရန်အတွက် မြန်မာပြည်တစ်ပြည်လုံးရှိ ပြည်သူ့ကာကွယ်ရေးအဖွဲ့(People Defense Force _PDF) များနည်းတူ Chinland Defense Force (CDF)ကိုလည်း ၂၀၂၁ခုနှစ်၊ ဧပြီ(၄)ရက်နေ့တွင် National Unity Government (NUG) နှင့် သက်ဆိုင်ရာအဖွဲ့အစည်းဦးဆောင်မှုကို ပံ့ပိုးကူညီရန် စုစည်းတည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ချင်းပြည်နယ်နဲ့ မြန်မာပြည်ဒေသတချို့တွင် မိမိလူမျိုး၊ မိမိဒေသနာမည်ဖြင့် စုစည်းဖွဲ့စည်းတည်ထောင်ခဲ့သော Chinland Defense Force (CDF)နာမည်ကို ပယ်ဖျက်ခြင်း သို့မဟုတ် စိတ်ဝမ်းခွဲကာ NUG တရားဝင်ဖွဲ့စည်းထားသော PDF နာမည်သုံးမှသာ တရားဝင်ငွေကြေးလက်နက်ထောက်ပံ့တပ်ဆင်ပေးမည်ဆိုသည့် မဟုတ်မမှန်လုပ်ရပ်ကို ၂၀၂၀ခုနှစ် ရွေးကောက်ခံချင်းလွှတ်တော်ကိုယ်စားလှယ်တစ်ချို့မှ သူတို့အာဏာတည်မြဲရေးအတွက် ချင်းလူငယ်တစ်ချို့ကို မက်လုံးပေးသွေးခွဲစည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်နေသည်ကို စိတ်မကောင်းစွာ မြင်တွေ့နေရသဖြင့် ထိုသို့ လုပ်ဆောင်နေသော ပါတီ၊ လူအုပ်စုနှင့် လူပုဂ္ဂိုလ်များကို ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ CDF သည် စစ်အာဏာရှင်အမြစ်ပြတ်ချေမှုန်းရေးအတွက်သာ ဦးတည်ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံရေးအာဏာ နေရာရရေးနှင့် မည်သည့်နိုင်ငံရေးပါတီအတွက် တိုက်ပွဲဝင်နေခြင်း မဟုတ်ဘဲ NUG ၏ တိုက်ပွဲခေါ်သံနဲ့အတူ ပြည်သူ့တော်လှန်ရေးပြီးဆုံးသည်အထိ တိုက်ပွဲဝင်သွားရန်သာဖြစ်ပြီး စစ်မှန်သော ပြည်သူ့အစိုးရတက်သည့်နောက်ပိုင်း လက်နက်ဖျက်သိမ်းရမည်သာ ဖြစ်သည်။

၄။ CDM ပါဝင်သော ပြည်သူ့ရဲများ၊ တပ်မတော်သားများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ CDF နှင့် ဒေသခံအဖွဲ့များနဲ့ ချိတ်ဆက်ပြီး NUG ၏ တိုက်ပွဲခေါ်သံကို စောင့်ဆိုင်းပေးကြပါရန် အလေးအနက် တိုက်တွန်းသည်။

၅။ ချင်းပြည်သူများ၊ သက်ဆိုင်ရာပါတီ၊ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအနေဖြင့် စုံလင်ကွဲပြားသော ချင်းလူမျိုးများ၏ အနာဂတ်အမျိုးသားတည်ဆောက်ရေး၊ သွေးစည်းညီညွတ်ရေးကို ဦးထိပ်သတိပြုလျှက် ချင်းလူမျိုးများ၏ သွေးကွဲစေမည့်လုပ်ရပ်များ လုံးဝ မလုပ်ပြုလုပ်ကြရန် အလေးအနက်တိုက်တွန်းသည်။

၆။ CDF အနေဖြင့် NUG, Chin National Front/Army, People Defense Force (PDF) နှင့် သက်ဆိုင်ရာဒေသရှိ မိတ်ဖက်အဖွဲ့အစည်းနဲ့ လက်တွဲတိုက်ပွဲဝင်သွားမည်ဖြစ်ပြီး ချင်းပြည်နယ်မြို့နယ် အသီးသီးရှိ CDF နှင့် မိတ်ဖက် Chin National Defense Force (CNDF), Zomi Federal Union (ZFU) အဖွဲ့ကလွဲပြီး CDF ရှိပြီးသား မြို့နယ်နှင့်ဒေသမှာ PDF အဖွဲ့သစ်ဖွဲ့စည်းခြင်းနှင့် ချင်းလူမျိုးများ အချင်းချင်းသွေးခွဲအောင် မလုပ်ကြပါရန်နှင့် မိမိရာထူးအာဏာတည်မြဲရေးအတွက် တပည့်မွေးခြင်းများ မကြိုးစားကြရန် သတိပေးထုတ်ပြန်အပ်ပါသည်။

Chinland Defense Force

Media Contact—+919362213680, +918731058986